ꤊꤢ꤬ꤛꤢ꤭ꤜꤟꤢ꤬ꤠꤢ ꤒꤟꤢ꤬ꤙꤌꤣ꤭ ꤔꤛꤢ꤬ꤜꤟꤢ꤬ꤚꤢ꤬ꤛꤢ꤬ ꤒꤟꤢ꤬ꤗꤢ꤬ꤓꤣ꤭
**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဇွန်လ ၇ ရက်၊ ၂၀၂၄ ခုနှစ်


## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ မေလ ၂၀ – ဇွန်လ ၂ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – မေလ ၁၉ ရက်၊ ၂၀၂၄ | မေလ ၂၀ – ဇွန်လ ၂ ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၃၉ | | ၅၃၉ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၄ | | ၃၇၄ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၆၂၇ | ၃ | ၆၃၀ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၄၈၅ | | ၁၄၈၅ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၅၀၃ | ၂ | ၅၀၅ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၃၈ | | ၁၃၈ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ မေလ ၁၉ ရက်နေ့ အထိ ၂၀၂၄ | IDPs အသစ် မေလ ၂၀-ဇွန်လ ၂ ရက်၊ ၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

## စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မေလ၂၀ရက်မှ ဇွန်လ၂ရက်နေ့ထိ၊၂၀၂၄ ခုနှစ်



စစ်ကောင်စီမှ ကရင်နီပြည်နယ်အတွင်းသို့ ဝင်ရောက်လာနိုင်သော ရိက္ခာလမ်းကြောင်းများ ထိန်းချုပ်ထားနိုင်ရန်အတွက် တပ်ဖြန့်ကာ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်နေ

၂၀၂၄ ခုနှစ်၊ မေလတွင် ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မှ စကစ အင်အား ၅၀၀ သည် ကရင်နီပြည်နယ် အတွင်းသို့ ရောက်ရှိလာနေပြီဖြစ်သည်။ ကရင်နီပြည်နယ်အတွင်းသို့ ဝင်ရောက်လာနိုင်သော ၎င်းတို့၏ ရိက္ခာလမ်းကြောင်းများအား လုံခြုံမှုပေးနိုင်ရန်နှင့် လွိုင်ကော်မြို့အတွင်း ခုခံတပ်များ ထားရှိနိုင်ရန်ဖြစ်သည်။

မေလ ၃၀ ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့မှ လွိုင်ကော်မြို့နယ်အတွင်းသို့ စစ်ကြောင်းထိုးဝင်လာသော စစ်ကောင်စီတပ်များသည် ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် လွိုင်ကော်–ဆီဆိုင်–မိုးဗြဲလမ်းခွဲတွင် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

မေလ ၃၁ ရက်၊ စစ်ကောင်စီတပ် ခမရ ၅၃၀ မှ ဖယ်ခုံမြို့နယ်၊ လွယ်ပေါ်ကျေးရွာအတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အရပ်သား ၃ ဦးထိမှန်ဒဏ်ရာ ရရှိသွားသည့်အပြင် နေအိမ်အချို့ ထိမှန်ပျက်စီး သွားခဲ့သည်။

ဇွန်လ ၂ ရက်၊ စစ်ကောင်စီတပ်မှ လက်နက်ကြီး ၄ လုံးဖြင့် ဒီးမော့ဆိုအနောက်ဘက်ခြမ်းတစ်နေရာအား ပစ်ခတ်သည့်အတွက် လူထုထိခိုက်မှုမရှိသော်လည်း ပြောင်းခင်းအနည်းငယ် ပျက်စီးသွားခဲ့သည်။

**ontact persons:**
Khu Ko Reh Tel: +66 65 329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com